

# Youth 4 OSH

ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ဖြည့်စည်းရေးလမ်းကြောင်းအတွင်းရှိ လူငယ်အလုပ်သမားများ၊ အလုပ်ရှင်များအတွက်
လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ကြိုတင်ကာကွယ်တားဆီးသည့် ယဉ်ကျေးမှုတစ်ရပ်တည်ဆောက်ခြင်း

## စီမံကိန်းအကြောင်းအကျဉ်း

**ရည်ရွယ်ချက်**

မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံများမှ လူငယ်အလုပ်သမားများ၊ လူငယ်အလုပ်ရှင်များအနေဖြင့် ကြိုတင်ကာကွယ်သည့် အလေ့အထများ တိုးတက်လာခြင်းအားဖြင့် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုနှင့်လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိခံစားရမှု လျော့နည်းကျဆင်းသွားစေခြင်း။

**အဓိကမိတ်ဖက်များ**

- နိုင်ငံတော်အစိုးရ အာဏာပိုင်အဖွဲ့အစည်းများ
- အလုပ်သမားအဖွဲ့အစည်းများ
- အလုပ်ရှင်အဖွဲ့အစည်းများ
- လူငယ်အလုပ်သမားများ၊ လူငယ်အလုပ်ရှင်များအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ အသိအမြင်၊ ဆောင်ရွက်ချက်များအပေါ် မြှင့်တင်ပေးနိုင်စွမ်းရှိသည့် ဒေသတွင်း၊ ပြည်တွင်း ကွန်ယက်အဖွဲ့များနှင့် ကြားခံအဖွဲ့အစည်းများ

**စီမံကိန်း အချိန်ကာလ**

၂နှစ် (၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်အထိ)

**စီမံကိန်း အကျုံးဝင်ဒေသ**

- အင်ဒိုနီးရှားနိုင်ငံ
- ဗီယက်နိုင်ငံ
- မြန်မာနိုင်ငံ
- ဖိလစ်ပိုင်နိုင်ငံ

**စီမံကိန်း အလှူရှင်**

United States Council for International Business (USCIB) Foundation

**အကောင်ထည်ဖော် ဆောင်ရွက်မည့်အဖွဲ့များ**

- အင်ဒိုနီးရှားနိုင်ငံနှင့်တီမောနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး
- ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး
- မြန်မာနိုင်ငံ၊အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး
- ဗီယက်နိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး

**စီမံကိန်းရန်ပုံငွေ**

အမေရိကန်ဒေါ်လာ (၁)သန်း USD 1,000,000

**ဆက်သွယ်ရန်**

Dylan Tromp
Project Manager
vantromp@ilo.org

Website: http://ilo.org/safework/projects/WCMS_541264/lang--en/index.htm

# စီမံကိန်းနောက်ခံအကြောင်း

လွန်ခဲ့သည့်နှစ်သုံးဆယ်အတွင်း ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကဏ္ဍအတွင်း ကုန်စည်နှင့်ဝန်ဆောင်မှုအမျိုးမျိုးနှင့် စပ်လျဉ်းသည့် ပင်ရင်းစတင်ထုတ်လုပ်ခြင်း (sourcing)သည် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ဥပဒေနည်းလမ်းတကျကောင်းစွာလိုက်နာ ဆောင်ရွက်ပြီး လုပ်ခလစာရရှိမှုမြင့်မားသည့် စီးပွားရေး လုပ်ငန်းဌာနများမှ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဥပဒေအပေါ် လေးစားလိုက်နာမှု နည်းပါးပြီး လုပ်ခလစာ နိမ့်သည့် လုပ်ငန်းခွင်များရှိရာသို့ ရွှေ့ပြောင်းရောက်ရှိ လာခဲ့ကြပါသည်။

ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ဖြည့်စည်းရေးလမ်းကြောင်းအတွင်း စီးပွားရေးလုပ်ငန်းများ တိုးတက်များပြားလာသည်နှင့်အမျှ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအပါအဝင်အလုပ်သမားရေးရာ စံချိန်စံနှုန်းများနှင့်စပ်လျဉ်းပြီး စိုးရိမ်ပူပန်များလည်း မြင့်မားလာကြပါသည်။ အထူးသဖြင့်လုပ်ငန်းခွင်ဘေးအန္တရာယ် ကြီးမားစွာကျရောက်ခဲ့သည့်ဖြစ်ရပ်များစွာကြောင့်လည်း ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ဖြည့်စည်းရေးလမ်းကြောင်း အတွင်း ထိခိုက်ဒဏ်ရာရရှိမှုနှင့် လုပ်ငန်းခွင်ဆိုင်ရာရောဂါရရှိမှု မြင့်မားနေခြင်းအပေါ် သတိပြုမိလာစေပါသည်။



**ILO Jakarta Office**
Menara Thamrin Level 22,
Jl. M.H. Thamrin Kav. 3
Jakarta 10250
Tel. +62 21 391 3112;
Fax. +62 21 3983 8959
Email: jakarta@ilo.org;
Website: www.ilo.org/jakarta

# စီမံကိန်း မဟာဗျူဟာ

ဤကဲ့သို့ လုပ်ငန်းခွင်တွင်ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိမှု အများအပြားဖြစ်ပွားရခြင်း၏ အဓိက အကြောင်းတစ်ခုမှာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အလုပ်သမားအခွင့်အရေးများနှင့်ပတ်သက်၍ အသိအမြင်မရှိခြင်းပင်ဖြစ်ပါသည်။ ဤစီမံကိန်းအနေဖြင့် အဆိုပါအကြောင်းအရာအား ဖြေရှင်းရန် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအသိအမြင် မြှင့်တင်ပေးနိုင်မည့် ကိရိယာတန်ဆာပလာများ(tools)၊ မဟာဗျူဟာများကို ဖော်ထုတ်စမ်းသပ်ကြည့်ရှုခြင်းနှင့် အမျိုးသားအဆင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် တိုးတက်ကောင်းမွန်လာစေရေး လုပ်ဆောင်ပေးရန် ပြည်သူလူထုထံမှ တောင်းဆိုမှုများ ထွက်ပေါ်လာစေခြင်းတို့ကို ရည်ရွယ်လုပ်ဆောင် သွားမည်ဖြစ်ပါသည်။

အဆိုပါရည်မှန်းချက်များအောင်မြင်စေရန် စီမံကိန်းအနေဖြင့် ဆောက်လုပ်ရေးနှင့်ကုန်ထုတ်လုပ်မှုကဏ္ဍများအတွင်းရှိ ကြားခံအဖွဲ့အစည်းများအား ကွန်ယက်အဖြစ် ဖွဲ့စည်းပေးခြင်း၊ ၎င်းတို့နှင့် ချိတ်ဆက်ထိတွေ့ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုနောက်အဆိုပါ ကြားခံအဖွဲ့အစည်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်နှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအားမြှင့်တင်ပေးမည့် ကိရိယာတန်ဆာပလာများ(tools)၊ ကျွမ်းကျင်မှုများရှိလာအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဤစီမံကိန်းအနေဖြင့် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ဖြည့်စည်းရေးလမ်းကြောင်းအတွင်းရှိ အင်ဒိုနီးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ လူငယ်အလုပ်သမားများနှင့် လူငယ်အလုပ်ရှင်များအား အဓိကထား ရည်ရွယ်ထားပါသည်။

ဤအစပျိုးဆောင်ရွက်ချက်များသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဦးဆောင်အစီအစဉ်တစ်ခုဖြစ်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး-ကြိုတင်ကာကွယ်ရေး ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက် (Occupational Safety and Health - Global Action for Prevention (OSH-GAP))၏ အဓိက ပါဝင်သည့် အကြောင်းများထဲက တစ်ခုဖြစ်ပြီး အမေရိကန်အလုပ်သမားဝန်ကြီးဌာန၏ အထောက်အပံ့ပြုသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ လူငယ်များလုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံကိန်း(SafeYouth@Work)နှင့်လက်တွဲ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်လည်း ဖြစ်ပါသည်။

ဤစီမံကိန်းသည် ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ရည်မှန်းချက် အမှတ် (၈)ဖြစ်သည့် သင့်တော် ကောင်းမွန်သည့်အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးရည်မှန်းချက် အမှတ် (၃)ဖြစ်သည့် ကျန်းမာရေးကောင်းမွန်ခြင်းနှင့် ကိုယ်စိတ်(၂)ပါးကျန်းမာချမ်းသာခြင်း တို့အပေါ် အထောက်အပံ့များလည်းပြုသွားမည် ဖြစ်ပါသည်။

